ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် ၂၆၆ /၂၀၁၉**

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီသည် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ ပုဒ်မ ၄၄ ပုဒ်မခွဲ (ခ) တွင် အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်ကို ကာကွယ်သည့် အခွင့်အရေးရရှိရန် လျှောက်ထားခြင်းနှင့် ယင်းအပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးအတွက် အပင်မျိုးသစ်အား ကာကွယ်ခွင့်ပြုကြောင်း အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ **အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေး လျှောက်ထားခြင်းနှင့်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ**ကို ထုတ်ပြန်လိုက်သည် -

(၁) အပင်မျိုးမွေးမြူသူသည် ကာကွယ်ခွင့်လျှောက်ထားလိုသည့် အပင်မျိုးသစ်ကို ဥက္ကဋ္ဌ၊ အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီသို့ လိပ်မူ၍ ပူးတွဲပုံစံ(၁)ပါအပေါ်စာဖြင့် ပုံစံ(၂)ပါလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

(၂) အပင်မျိုးသစ် ဟုတ်၊ မဟုတ်စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး ဥပဒေပါ အပင်မျိုးသစ်၏ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက အပင်မျိုးသစ်အား ကာကွယ်ခွင့်ရရှိကြောင်း အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းကို ဗဟိုကော်မတီက ပူးတွဲပုံစံ (၃)ဖြင့် သတ်မှတ်၍ ထုတ်ပေးရမည်။

ဥက္ကဋ္ဌ

အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ

စာအမှတ် ၊ PVP /၂၀၁၈-၂၀၁၉ /
ရက်စွဲ ၊ ၂၀၁၉ခုနှစ်၊ လ ရက်

ဖြန့်ဝေခြင်း
ပြည်ထဲရေးဝန်ကြီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီဝင်များအားလုံး
ဤဝန်ကြီးဌာနရှိဦးစီးဌာနအားလုံးနှင့်တက္ကသိုလ်များ
အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာနည်းပညာကော်မတီဝင်များ
တိုင်းဒေသကြီး/ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးများ
တိုင်းဒေသကြီး/ပြည်နယ်စိုက်ပျိုးရေးမျိုးစေ့တာဝန်ခံများ

အမိန့်အရ

(နိုင်ကြည်ဝင်း)
အတွင်းရေးမှူး
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ

ပုံစံ (၁)

သို့

ဥက္ကဋ္ဌ
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
နေပြည်တော်။

ရက်စွဲ-------------

**အကြောင်းအရာ။ အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့်အခွင့်အရေးရရှိရန်အပင်မျိုးသစ်အား ကာကွယ်သည့်အခွင့်အရေးလျှောက်ထားခြင်း။**

၁။လျှောက်ထားသူ

(က) အမည် ---------------------------------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/နိုင်ငံခြားသားမှတ်ပုံတင်အမှတ်
(မိတ္တူပူးတွဲတင်ပြရန်) ---------------------------------------------------

(ဂ) လူမျိုး၊နိုင်ငံသား---------------------------------------------------------

(ဃ) ပညာအရည်အချင်း -----------------------------------------------------

(င) အဖွဲ့အစည်းအမည်-------------------------------------------------------

(စ) အမြဲတမ်းနေရပ်လိပ်စာ -------------------------------------------------
ဖုန်း------------------------ ဖက်(စ်)-------------------------
E-mail -----------------------------

၂။လျှောက်ထားလိုသည့်မျိုးသစ်

(က) မျိုးစေ့ရယူခဲ့သည့်နိုင်ငံ/ ပြည်နယ် -----------------------------------------

(ခ) မျိုးစေ့ရယူခဲ့သည့်အဖွဲ့အစည်း --------------------------------------------

(ဂ) သီးနှံအမည် ----------------------------------------------------

(ဃ) ရုက္ခဗေဒအမည် ----------------------------------------------------

(င) မျိုးအမည် ----------------------------------------------------

(စ) ဗီဇပြုပြင်သီးနှံဟုတ်/မဟုတ် ----------------------------------------------

(ဆ) မိဘ/ မူရင်းမျိုးအမည် ----------------------------------------------

၃။လျှောက်လွှာနှင့်အတူပူးတွဲတင်ပြရမည့်အချက်အလက်များ-

(က) မျိုးစေ့နမူနာ (အပင်အမျိုးအစားအလိုက်အပင်မျိုးသစ်စစ်ဆေးရေးမှတ်တမ်းစာအုပ်တွင် ဖော်ပြထားသည့် ပမာဏအတိုင်း)

(ခ) ပိုးမွှားရောဂါကင်းစင်ကြောင်းထောက်ခံချက်

(ဂ) လျှောက်ထားသည့်အဖွဲ့အစည်း၏မှတ်ပုံတင်လက်မှတ်မိတ္တူ

၄။လျှောက်လွှာပါအချက်အလက်များနှင့်ပူးတွဲတင်ပြထားသောအချက်အလက်များသည်ပြည့်စုံမှန်ကန်ကြောင်း ဝန်ခံပါသည်။

ကုမ္ပဏီ/အဖွဲ့အစည်းအ
မှတ်တံဆိပ်

…………………………….

လျှောက်ထားသူလက်မှတ်

--------------------------------------------------------------------------------

**ရုံးလုပ်ငန်းအဖွဲ့မှဖြည့်စွက်ရန်**

လျှောက်လွှာအမှတ် --------------------လျှောက်လွှာလက်ခံရရှိသည့်နေ့စွဲ--------------

(လက်မှတ်)

တာဝန်ခံ

ပုံစံ (၂)

Application Form for New Plant Variety Protection

အပင်မျိုးသစ်အား ကာကွယ်ခွင့်လျှောက်ထားသည့်လျှောက်လွှာပုံစံ

Name of applicant ------------------------------------------

လျှောက်ထားသူအမည် ------------------------------------------

Type of applicant □ Original breeder Others (specify) ---------------

လျှောက်ထားသူအမျိုးအစား □ မူလမျိုးမွေးမြူသူ အခြား (ဖော်ပြရန်) --------------

Nationality ------------------------------------------

လူမျိုး ------------------------------------------

Address ------------------------------------------

နေရပ်လိပ်စာ ------------------------------------------

Organization ------------------------------------------

အဖွဲ့အစည်းအမည် ------------------------------------------

Place/State where the variety was bred -----------------------------------------

အပင်မျိုးသစ်မွေးမြူသည့်နေရာ/နိုင်ငံ---------------------------------------------

New Plant Variety Name -----------------------------------------------------

အပင်မျိုးသစ်အမည် ---------------------------------------------------------

Crop, species ---------------------------------------------------------

သီးနှံမျိုးစိတ်အမည် ---------------------------------------------------------

Is the variety registered or patented in other places / states? □Yes □ No

အခြားဒေသ/နိုင်ငံများတွင်မှတ်ပုံတင်ထားခြင်းရှိ/မရှိ □ရှိ □ မရှိ

If yes Place/State -------------------- ရှိလျှင် ဒေသ/နိုင်ငံ --------------------

Date -------------------- နေ့စွဲ --------------------

New Plant Variety Name------------------အပင်မျိုးသစ်အမည် -----------------

Is the variety offered for marketing or selling? □Yes □No

သီးနှံမျိုးသစ်သည်ဈေးကွက်တွင်ရောင်းချထားခြင်းရှိ/မရှိ □ရှိ □မရှိ

If yes Variety in market ------------ ရှိလျှင် ဈေးကွက်ရှိအမည်------------

Marketing/ Selling period ------------ ရောင်းချခဲ့သည့်ကာလ ------------

The technical examination of the variety

□ has already been completed

□ is in progress in

□ will be carried out in

အပင်မျိုးသစ်ဖြစ်ကြောင်းစစ်ဆေးခြင်း

□ စစ်ဆေးပြီး

□ စစ်ဆေးဆဲ

□ စစ်ဆေးရန်

Other information to be attached with application form

လျှောက်လွှာနှင့်အတူပူးတွဲတင်ပြရမည့်အချက်အလက်များ

History of the new plant variety

အပင်မျိုးသစ်၏ရာဇဝင်

Qualitative and Quantitative Characters

အပင်မျိုးသစ်၏အရည်အသွေးနှင့်အရည်အချင်းဆိုင်ရာလက္ခဏာများ

Technical Questionnaire (TQ) of Specific Crop in Test Guideline (TG)

သီးနှံအမျိုးအစားအလိုက် စစ်ဆေးရေးလမ်းညွှန်စာအုပ်ပါ နည်းပညာမေးခွန်းလွှာ

Other distinctness characters of the new plant variety

အပင်မျိုးသစ်၏အခြားထူးခြားသောလက္ခဏာများ

I/We declare that the material provided with the application is representative of the variety and relevant to this application.

လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့သော မျိုးနမူနာများသည် အပင်မျိုးသစ်ကို ကိုယ်စားပြုပြီး လျှောက်လွှာပါ အချက်အလက်များနှင့် သက်ဆိုင်ကြောင်း ဝန်ခံပါသည်။

I/We hereby declare that, to the best of my/our knowledge, the information necessary for the examination of the application, given in this form and in the annexes, is complete and correct.

လျှောက်လွှာပါအချက်အလက်များနှင့်ပူးတွဲတင်ပြထားသောအချက်အလက်များသည်ပြည့်စုံမှန်ကန်ကြောင်းဝန်ခံပါသည်။

Signature (s)----------------- Place --------------- Date -------------

လက်မှတ် (များ)--------------- နေရာ ---------------- ရက်စွဲ -------------

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ**
**နေပြည်တော်**

**စာအမှတ် -**
**ရက်စွဲ -**

**အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးရရှိရန်အပင်မျိုးသစ်အားကာကွယ်သည့်**
**အခွင့်အရေးဆိုင်ရာအသိအမှတ်ပြုလက်မှတ်**

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၊ အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေး ရေးဆိုင်ရာ ဗဟိုကော်မတီတွင် ________________________မှ လျှောက်ထားလာသော အောက် ဖော်ပြပါ(________) သီးနှံ၊ (_______) မျိုးအား သတ်မှတ်ထားသောအပင်မျိုးသစ်၏ အရည် အချင်းများနှင့် ကိုက်ညီသဖြင့် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ ပုဒ်မ ၈ အရ အသိအမှတ်ပြု လက်မှတ် ထုတ်ပေးလိုက်သည်။**

| **သီးနှံအမည်** | **အပင်မျိုးသစ်အမည်** | **အသိအမှတ်ပြုအမှတ်** |
|---|---|---|

**အတွင်းရေးမှူး**
**အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ**
**(ညွှန်ကြားရေးမှူးချုပ်)**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

**ဥက္ကဋ္ဌ**
**အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ**
**(ဒုတိယဝန်ကြီး)**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**Telephone: +95 067 416531 E-mail: dgdar.moai@** gmail.com **Fax:+95 067-416535**

**စည်းကမ်းချက်များ**

၁။ **ဗဟိုကော်မတီမှ**ထုတ်ပေးသော ဤအသိအမှတ်ပြုလက်မှတ်တွင်ပါရှိသည့် အပင်မျိုးသစ်ကို အခြားတစ်စုံတစ်ဦးမှ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေပုဒ်မ ၂၃ ပါ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းတို့အပေါ်တွင် ယင်းအပင်မျိုးသစ်အတွက် ရပိုင်ခွင့်အခွင့်အရေးရယူထားသည့် အပင်မျိုးမွေးမြူသူမှ ခံစားနိုင်သည်။

၂။ အသိအမှတ်ပြုလက်မှတ်ရရှိပြီးသည့်အပင်မျိုးသစ်များကို သားစဉ်မျိုးဆက် စိုက်ပျိုးထုတ်လုပ်ရာတွင် ညီညာမှုမရှိလျှင်သော်လည်းကောင်း တည်ငြိမ်မှုမရှိလျှင်သော်လည်းကောင်း မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ပျက်ပြယ်သည်။

၃။ အပင်မျိုးသစ်၏အရည်အသွေးနှင့်အရည်အချင်းဆိုင်ရာလက္ခဏာများသည် မူလမှသွေဖီသွားရုံမျှမက ရေရှည်ထိန်းသိမ်းထားနိုင်မှုမရှိလျှင်သော်လည်းကောင်း အပင်မျိုးမွေးမြူသူမှ အဆိုပါအပင်မျိုးသစ်နှင့် စပ်လျဉ်း၍ မျိုးသစ်အဖြစ်ဆက်လက်တည်ရှိရန် လိုအပ်သည့်သတင်းအချက်အလက်များ၊ မှတ်တမ်းများကို သတ်မှတ်ထားသည့် ကာလအတွင်း တင်ပြနိုင်မှု မရှိလျှင်သော်လည်းကောင်း အခကြေးငွေပေးရန်ပျက်ကွက်လျှင်သော်လည်းကောင်း အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ရုပ်သိမ်းခြင်းခံရမည်။